
www.burmeseclassic.com

ဘဒ္ဒန္တကုဏ္ဍာဘာသ မထေရ်မြတ် (အနိစ္စဆရာတော်)


ဟောကြားဆုံးမတော်မူအပ်သော

# 'ဝဋ်ကြောင်း' နဲ့ 'ဝဋ်' တရားတော်




www.burmeseclassic.com

www.burmeseclassic.com



[illegible]

ဘဒ္ဒန္တ[illegible] မဟော်ဖြတ် ([illegible])

www.burmeseclassic.com

www.burmeseclassic.com

(နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ)[၃]

ကျေးဇူးတော်ရှင်

ဓမ္မာနုပဿနာ ပစ္စက္ခဆရာတော်ဘုရားကြီး

ဘဒ္ဒန္တကုဏ္ဍာဘိဝံသ မထေရ်မြတ် (အနိစ္စဆရာတော်)

ဟောကြားဆုံးမတော်မူအပ်သော

# 'ဝဋ်ကောင်' နဲ့ 'ဝဋ်'

# တရားတော်

သတ္တဝါပျောက် ဓမ္မသစ္စာတရားတော်များ အမှတ်စဉ် (၁၂)

တေဇိန္ဒာရာမကျောင်းတိုက်၊ ကုက္ကိုင်းလမ်းဆုံ၊
ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။
website: www.aniccasayadaw.org

www.burmeseclassic.com

ပုံတော်ကျောကပ်

www.burmeseclassic.com

# ‘ဝင်္ကကောင်’နဲ့ ‘ဝင်္က’တရားတော်

သာသနာတော်နှစ် -၂၅၅၂
၁၃၇၁ခုနှစ်၊ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့
၆-၇-၂၀၀၉ (တနင်္လာနေ့)၊ နံနက်ခင်းတရားတော်

**သမ္မာဒိဋ္ဌိဆိုတာ သစ္စာလေးပါးကို သိတာကိုခေါ်တာပဲ. . .**

BURMESE CLASSIC .com

“သမ္မာဒိဋ္ဌိ”၊ သမ္မာဒိဋ္ဌိမှ . . . ဒိဋ္ဌိပြင်ဟာတွေဆိုရင် အစွဲအလမ်းတွေချည်း ဖြစ်ကုန်တော့တယ်၊ သမ္မာဒိဋ္ဌိလို့ ဆိုလိုက်လို့ ရှိရင် သစ္စာလေးပါးရတာကိုး၊ ဒိဋ္ဌိပြင်ဟာတွေ မှန်သမျှဟာ အကုန် အစွဲအလမ်းတွေဖြစ်ကုန်တယ်၊ အဲဒါ ဂရုစိုက်. . .သမ္မာဒိဋ္ဌိဆိုတာ သစ္စာလေးပါးပဲ၊ သစ္စာလေးပါးဆိုတာ ခု-ကာယကံ ဝစီကံ မနောကံတွေ ဝမ်းထဲမှာငြိမ်းနေတယ် ဘာမှမဖြစ်ဘူး၊ ဒါ. . . နိရောဓသစ္စာပဲ၊ ဟိုကဒုက္ခသစ္စာဆိုတာကိုး . . .၊ ပြီးတော့ လောကီတွေဆိုတာလည်း ဉပါဒါနက္ခန္ဓာတွေထဲပါတယ်၊ ဒုက္ခသစ္စာ တွေထဲပါတယ်၊ “ဒုက္ခေဉာဏံ”တဲ့ ဒုက္ခေ-ဒုက္ခ၌၊ ဉာဏံ-သိတတ် သောဉာဏ်။ ဒါ ဝမ်းထဲကဖြစ်တာ ဒုက္ခပဲ၊ သစ္စာလေးပါးကိုး၊ **သမ္မာဒိဋ္ဌိဆိုတာ သစ္စာလေးပါးကို သိတာကို ခေါ်တာပဲ**၊ အဲဒီ သစ္စာလေးပါးကို သိတယ် ဆိုတာလည်း မဇ္ဈိမာပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါဆိုတဲ့ မဇ္ဈိမာပဋိပဒါ ကိုခေါ်တာပဲ၊ အဲဒီ သမ္မာဒိဋ္ဌိ စဉ်းစားကြည့်၊ မစဉ်းစားပဲနဲ့ သူ့တကာပြောတာကို

www.burmeseclassic.com

www.burmeseclassic.com



ယုံတာမဟုတ်ဘူး၊ ကေသမုတ္တိသုတ်က သူတကာပြောတာတွေကို ယုံတာ ･ ･ ･ အဲသလို။

## ကိုယ်ဝမ်းထဲမှာဖြစ်တာကြည့်၊ မဖြစ်ဘူးဆို့ ့ စွဲလမ်းတာမရှိတော့ဘူး

**ကိုယ်ဝမ်းထဲမှာ ဖြစ်တာကြည့်၊ မဖြစ်ဘူးဆို ･ ･ စွဲလမ်းတာမရှိတော့ဘူး။** ဖြစ်တယ်ဆို စွဲလမ်းတာရှိတယ်၊ အဲဒါ ဂရုစိုက်၊ ကိုယ့်ဝမ်းထဲမှာဆိုတာ ကိုယ့်စိတ်ထဲမှာပေါ့၊ ဖြစ်တာက ဒုက္ခသစ္စာ-ဒီလိုဆိုလို့ရှိရင် ကိုယ်ဝမ်းထဲမှာ ဘာတွေဖြစ်တုံး ･ ･ ･ အဲဒါ ဂရုစိုက်၊ ဖြစ်တာဟာ ဒုက္ခသစ္စာ၊ ဖြစ်ကြောင်းက သမုဒယသစ္စာ၊ ဖြစ်တယ်ဆိုရင် ပဋိစ္စသမုပ္ပါဒ်ပဲ၊ “အဝိဇ္ဇာသမုဒယာ ရူပသမုဒယော” နဲ့ အဲလို ဆိုတာပဲ၊ တဏှာသမုဒယောတဲ့၊ ဝေဒနာသမုဒယောနဲ့ ခန္ဓာငါးပါး အဲလိုဟာဖြစ်တာ သမုဒယတွေပေါ့၊ “သမုဒယောတိ ခေါ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ” နဲ့ သမုဒယဆိုတဲ့ စကားက ငါ ရှေးတုန်းက မကြားဖူးဘူးတဲ့၊ ကဲခြောက်နှစ်လုံး ဒုက္ကရစရိယ ကျင့်နေတယ်၊ သမုဒယကို မဖြစ်ခဲ့ဘူး ဘယ်ဖြစ်လိမ့်မတုံး အာကာသာနဉ္စတွေ အာကိဉ္စညတွေဖြစ်နေတယ်၊ ရူပတောင် မဟုတ်ဘူး အရူပ၊ အရူပဆိုတာ-“ရူပ” က “ရုပ်”၊ “အ” မရှိတော့ဘူး၊ ရုပ်မရှိတော့ဘူး၊ ဒါမှ နာမ်ချည်းထဲ ဖြစ်နေတော့၊ ဖြစ်တာမရှိတော့ဘူး၊ ဥပါဒါန်ပါမှ ဖြစ်တာ ရှိတာ၊ ဟိုက ဥပါဒါန်က သိမ်မွေ့တာ။

www.burmeseclassic.com

www.burmeseclassic.com



## အဝိဇ္ဇာသမုဒယာ ရူပသမုဒယော

"အဝိဇ္ဇာပစ္စယာ သင်္ခါရာ" အဲဒါ"ဖြစ်"တာပဲ ဒါ့ကြောင့် ပါဠိတော်တွေမှာ အဲဒါ"ဖြစ်"တာပဲ၊ **"အဝိဇ္ဇာသမုဒယာ ရူပသမုဒယော"**၊ "အဝိဇ္ဇာပစ္စယာ ဝေဒနာ သမုဒယော"နဲ့ အဲလိုဆိုတယ်၊ တဏှာတွေ . . . ဥပါဒါန်တွေရော၊ တဏှာသမုဒယာ၊ သမုဒယထဲပါတယ်၊ ဥပါဒါနသမုဒယာ ရူပသမုဒယော၊ ဖဿသမုဒယာ ရူပသမုဒယော၊ အဲလိုလျှောက်တယ်ဆိုတယ် . . . အဲဒါ သမုဒယ ဝမ်းထဲမှာ ခေါင်းထဲမှာ စိတ်ထဲမှာ ဖြစ်စရာက အဲဒါပဲရှိတယ်၊ ဖြစ်ပြီဆိုရင် သမုဒယကြောင့်ဖြစ်တယ်တဲ့ . . . အဲလိုမှတ်၊ သမုဒယဆိုတာ အဝိဇ္ဇာ၊ ဟော . . . **မသိနိုးနား . . မသိကျိုးကျွံ မသိလိုက် မသိဖာသာ အဲဒါ အဝိဇ္ဇာပဲ၊** လက်ကလေး ခြင်ကိုက်လို့ ကုတ်တာတောင်မှပဲ ရမ်းလုပ်လိုက်ရင် မသိကျိုးကျွံ မသိလိုက် မသိဖာသာ ဖြစ်သွားတယ်၊ မသိဖာသာ အဲဒါ အဝိဇ္ဇာ၊ ကိုက်တယ်ဆိုရင် ကိုက်တယ်မှန်းသိမှ နာရင်နာတာမှန်းသိမှ၊ ကုတ်ချင်ရင်ကုတ်ချင် မှန်းသိမှ အဲလို သိတာတွေက အဝိဇ္ဇာ မဟုတ်ဘူး အဲဒါက သတိနဲ့၊ သမ္ပဇဉ်မပါသေးဘူး၊ သတိသမ္ပဇဉ်နဲ့ အဲဒါကလည်း အဘိဇ္ဈာနဲ့ ဒေါမနဿ မရှိအောင်လုပ်တဲ့ဟာ၊ ဝမ်းထဲမှာ မိစ္ဆာဒိဋ္ဌိပြီးတော့ အဘိဇ္ဈာ ဒေါမနဿ ဒါက မနောကံကြီး ဖြစ်နေတယ်၊ မနောကံ ပြီးတော့မှ ပါးစပ်က ဝစီကံ၊ ပြီးတော့မှ ကိုယ်ကြီးက ဒီလက်ကြီး "မ"ဖို့ဟာကို တော်တော် လုပ်ယူရတယ်၊ အဝိဇ္ဇာသင်္ခါရ၊ "ရတ်"ကနဲ ရုန်းကနဲ"ဆိုရင်တော့

www.burmeseclassic.com



မြန်တယ်. . .သတိတွေ ဘာတွေရှိရမယ်ဆိုတော့ ဒီလက်လေး "မ"ဖို့တောင် တော်တော် "မ"ယူရတယ်၊ မမြင်ဘူးလား စွန်းလွန်းဆရာတော် နွား. . . နကံ (နှင်တံ)နဲ့ တို့မလို့ဟာ "မ" လို့ မရတော့ဘူး၊ အဲလောက် အဝိဇ္ဇာ မရှိတော့ဘူး၊ ကာယကံ မရှိတော့ဘူး၊ "ဟဲ့"လို့ ပြင်းပြင်းထန်ထန် မရှိတော့ဘူး၊ ဒကာကြီး တို့ ကလေးတွေ ဘာတွေငေါက်ရင် "ဟဲ့"လို့ ပြင်းပြင်းထန်ထန် ဖြစ်ရင် အဝိဇ္ဇာ အများကြီးရှိတယ်၊ မငေါက်ချင်တော့ဘူး. . . ကိုယ့်ကလေးကို အဲဒါ ဒေါသမရှိ၊ ဒေါသမရှိရင် မမြင်ဘူးလား စွန်းလွန်းဆရာတော် နွား-မငေါက်ချင်တော့ဘူး. . .အခု. . . ဒကာကြီး ဒကာမကြီးတို့ ငေါက်ချင်သလား၊ အဲ. . . ပြင်းပြင်း ထန်ထန် ငေါက်ချင်သေးတယ်၊ "ဆို"ချင်သေးတယ်ဆိုရင် အဲဒါ ဥပါဒါန်ရှိတယ်။

## ဒါကြောင့် တရားရှာကိုယ်မှာ. . .

ကိုယ့်ကိုကိုယ်နဲ့တရားနဲ့၊ ကိုယ့်ကိုကိုယ်ဟာ တရား ကြီးပဲ၊ **ဒါကြောင့် တရားရှာ ကိုယ်မှာ. . . အဲလိုဆိုတာ**၊ ဒိဋ္ဌိဆိုတာလည်း ကိုယ်မှာပဲ၊ သမ္မာဒိဋ္ဌိဆိုရင် သစ္စာလေးပါးပဲ၊ ဒီ့ပြင်ဟာတွေ ဒီ့ပြင်ကြည့်လို့ မမြင်တဲ့ဟာတွေလည်း သစ္စာ လေးပါးပဲ၊ မြင်တဲ့ဟာတွေက လူမှ မဟုတ်ဘဲ၊ "မြင်တဲ့အတိုင်း အရှည်" မဟုတ်ဘူး၊ ဥပါဒါန် ပြသလောက် မြင်ရတာရုပ်မိလား၊ "မြင်တဲ့အတိုင်း အရှည်" မဟုတ်ဘူး၊ မြင်တာက "စက္ခုဝိညာဏ်" က "ရူပါရုံ"ဆိုတာ "မြင်တဲ့အတိုင်းအရှည်"၊ မျက်စိကမြင်တာက

www.burmeseclassic.com

www.burmeseclassic.com



"မြင်တဲ့ အတိုင်းအရှည် "မဟုတ်ဘူး၊ ဥပါဒါန်ပြတာ ရိပ်မိလား၊ ကာမုပါဒါန် "ကာမ" ကတစ်ခု၊ "ဥပါဒါန်"က တစ်ခု ရိပ်မိပလား၊ ကာမု ဆိုတာ အာရုံငါးပါးပေါ့၊ အဲလို ခွဲ၊ ခွဲ-ခွဲပြောမှ တရားဆို တာက . . . ဟိုလိုကြီးလျှောက်ပြောရတာမဟုတ်ဘူး၊ "ခွဲ-ခွဲ ပြောရတာ ဝိဘဇ္ဇ ခွဲခြမ်းစိတ်ဖြာပြီး ဝေဖန်ပြီးတော့ ဟောရတဲ့ တရား။

ဇာတ်တွေလို ဘာတွေလို ဒီလိုပြောသွားရတဲ့ တရား မဟုတ်ဘူး၊ ခွဲပြောတာ မဟုတ်ဘူး ဇာတ်ကြောင်းပြောတယ် ဆိုတာသိလား၊ အဲဒါမှလည်း နားထောင်ချင်တယ်၊ တရားဆိုတာ အဲလိုဇာတ်ကြောင်းမဟုတ်ဘူး၊ အရင်တုန်းကတော့ ဇာတ်ကြောင်း တွေပဲ နားထောင်ခဲ့တယ်၊ ယယ်ယယ်တုန်းကတော့ ယပ်ထောင်တို့ ယပ်လှဲတို့၊ တစ်ခါတည်း ငိုစရာရှိ . . . ငိုရော၊ ရယ်စရာရှိ . . . ရယ်ရော၊ ဥပုသ် ဇရပ်တွေထဲမှာ၊ အဲဒါဇာတ်ကြောင်း ခေါ်တယ်၊ အဲဒီလို ခွဲခြားစိတ်ဖြာပြီးတော့ ဟောတာ မဟုတ်ဘူး၊ သူ့ခေတ်နဲ့ သူ . . . ။

## ဆဲတာ အကျိုးဖြစ်သွားပြီ၊ သူ့ရှေ့က ဥပါဒါန်ရှိတယ်

ခု သမ္မာဒိဋ္ဌိပြောမယ်ဆိုရင် ဒိဋ္ဌိပြင်ဟာတွေက ဥပါဒါန်တွေ ဖြစ်ကုန်တယ်၊ သမ္မာဒိဋ္ဌိ . . . မဂ္ဂင်ရှစ်ပါးထဲမှာ သမ္မာဒိဋ္ဌိက ဒုက္ခေဉာဏံ-ဖြစ်လို့ရှိရင် ဒုက္ခ၊ မြင်ဘူးလား . . .၊ ဥပါဒါန် သမုဒယ၊ သမုဒယဆိုတာ ဖြစ်တာ ဖြစ်ကြောင်းရှိတယ်၊ အဝိဇ္ဇာ

www.burmeseclassic.com

www.burmeseclassic.com



သမုဒယာ တဲ့··· ရူပသမုဒယော တဲ့ အဓိပ္ပါယ်··· အဓိပ္ပါယ်၊ အနက်ပေးကြည့်တော့···အဝိဇ္ဇာဖြစ်ခြင်းကြောင့်တဲ့ ကဲ··· အဲဒီဟာလေး တစ်လုံးတည်းနဲ့တင်ပဲ ဒကာမကြီးတို့ တော်တော် ဂရုစိုက်ယူရမယ်၊ သင်္ခါရမဖြစ်သေးဘူး၊ အဝိဇ္ဇာထားပါတော့··၊ "ဥပါဒါနသမုဒယာ" ဆိုစမ်း (ဥပါဒါနသမုဒယာ)၊ "ဥပါဒါန် ဖြစ်ခြင်းကြောင့်" (ဥပါဒါန် ဖြစ်ခြင်းကြောင့်)၊ အဲ့ဒါ အကြောင်း ဖြစ်တာ··· အကြောင်းဖြစ်တာ၊ ဆဲတယ်ဆိုပါတော့ ဆဲတာ က အကြောင်းလား အကျိုးလား ပြောစမ်း (အကျိုးပါ ဘုရား)၊ ကဲ··· **ဆဲတာအကျိုး ဖြစ်သွားပြီ၊ သူ့ရှေ့ကဥပါဒါန် ရှိတယ် အဝိဇ္ဇာရှိတယ် တဏှာရှိတယ်** အဲဒါ ပရိယတ်က သင်ပေးတာ၊ ပဋိပတ် တစ်ခါတည်း ပါသွားပြီးတော့ ပဋိဝေဓ တစ်ခါတည်း ပါသွားတယ်··· မြတ်စွာဘုရား ဟောပုံ··· ဟောပုံ···၊ ဟောပုံကျမ်း အရင်တုန်းက···။

## တဏှာကြောင့်ဖြစ်တဲ့ ဝေဒနာကို ဒုက္ခမှန်း မသိတော့...

ဝမ်းထဲကို ဂရုစိုက်၊ မျက်တောင်ခတ်တာ အဲဒါ ဖြစ်တာပဲ ရတယ်၊ ဒါ···သမုဒယပဲ၊ "အဝိဇ္ဇာသမုဒယာ" ဆိုစမ်း (အဝိဇ္ဇာ သမုဒယာ)၊ ရူပသမုဒယော (ရူပသမုဒယော)၊ ရုပ်ဖြစ်တာက အကြောင်းလား အကျိုးလား (အကျိုးပါဘုရား)၊ အဝိဇ္ဇာဖြစ်တာ အကြောင်းလား အကျိုးလား (အကြောင်းပါဘုရား)၊ အဲ··· အဲလို အကြောင်းရော အကျိုးရော၊ "တဏှာသမုဒယာ" (တဏှာ သမုဒယာ)၊ "ရူပသမုဒယော" (ရူပသမုဒယော)၊ ဝေဒနာကျတော့

www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာက အကျိုး၊ တဏှာက အကြောင်းဖြစ်နေတယ်၊ အဲဒါ ဂရုစိုက်၊ ပဋိစ္စသမုပ္ပါဒ်မှာ အဲဒါကမှ အကြောင်းအကျိုးမှန်တယ်၊ ဝေဒနာနဲ့ တဏှာလေ‥တဏှာက အရင်၊ ရိပ်မိလား နောက်ပြီး တော့မှ‥‥ဝေဒနာ ရိပ်မိလား၊ ကိုယ့်ဖာသာ ခံစားတာ ဂရုစိုက်၊ တဏှာက အကြောင်းဖြစ်နေတယ်၊ ဒီပဋိစ္စသမုပ္ပါဒ်မှာ "ဝေဒနာ ပစ္စယာ တဏှာ"တဲ့ ဒီလို ဆိုတယ် မဟုတ်လား၊ ဒီက ‥‥ "တဏှာပစ္စယာ ဝေဒနာ"မှ အကြောင်း အကျိုးမှန်တယ်၊ ဟိုက အဲဒီတင်ရပ်တာ ပစ္စုပ္ပန်လည်း အဲလိုပဲ အဲဒီတဏှာကြောင့် ဖြစ်တဲ့ ဝေဒနာ မှ ခန္ဓာ အကြောင်း အကျိုး မဟုတ်ဘူးလား၊ ဒီတော့ တဏှာ မဖြစ်ဘူး၊ တဏှာ မဖြစ်အောင် ပွားနေကြတော့ ဝေဒနာ ဖြစ်သေးလား၊ ဝေဒနာတင် မချုပ်ဘူးလား၊ ဝေဒနာ ချုပ်ရင်ဘာတုံး (နိဗ္ဗာန်ပါဘုရား)၊ အဲလို အကြောင်း အကျိုးသင့်မှ‥ အကြောင်း အကျိုးသင့်ရတယ်၊ ဟိုဟာကျတော့ ဝေဒနာကြီးချုပ်မှ ဆိုတော့ လူသေမှ‥‥ သေတာတောင်မှ‥‥သေမှပဲ ဝေဒနာကြီးက ချုပ်မှာ ‥‥‥။

တဏှာ မဖြစ်တော့ဘူး၊ အဲလို မရောက်ဘူးလား ရောက်သလား ဝေဖန်ရဲ့လား၊ မဝေဖန်ပါဘူး‥‥ဟို‥‥ စာဆို- ဆိုတဲ့အတိုင်းပဲ ဖြစ်သွားတယ်၊ ဒီက ကိုယ်နဲ့ မှန်မမှန်၊ မှန်မှန် ကန်ကန် ဂရုစိုက်ရတယ်၊ အဲလို တဏှာဖြစ်ပြီး ဝေဒနာကျတော့ သဘောမကျဘူးလား၊ အဲဒီ ဝေဒနာပြောတာ‥‥၊ တဏှာကြောင့် ဖြစ်တဲ့ ဝေဒနာကို သဘောကျတယ် မဟုတ်လား ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



တဏှာဖြစ်အောင် မလုပ်ရဘူးလား၊ အဲလို ဝေဒနာမျိုးမှ . . . ဒုက္ခခေါ်တယ်၊ အဲဒီ ဝေဒနာကို ဒုက္ခမှန်း ဘယ်သူ သိတုံး ပြောစမ်း တဏှာကြောင့်ဖြစ်တဲ့ ဝေဒနာကိုလေ. . . ကောင်းတယ် လို့ချည်းမပြောဘူးလား(ပြောပါတယ်ဘုရား)၊ ဒီတော့ ဒုက္ခမှန်း သိလား (မသိပါဘူး-ဘုရား)၊ ဘယ်သူ အပြစ်တုံး. . . ကိုယ့်အပြစ်ပဲ၊ **တဏှာကြောင့် ဖြစ်တဲ့ဝေဒနာကို ဒုက္ခမှန်း မသိတော့** တဏှာမလုပ်ချင်ဘူးလား၊ အဲလို လုပ်ချင်လာတယ် . . . ဒါ ဒကာမကြီးတို့ အပြစ်မဟုတ်ဘူး။

## 'တဏှာ' ကိုမလုပ်ဖြစ်ဘူး ဝေဒနာ 'ဒုက္ခ' ကြောက်လွန်းလို့. . .

အပြစ်က သမုဒယ၊ သမုဒယသစ္စာဆိုတာ မရှိဘူးလား၊ အဝိဇ္ဇာဆိုတာ ဘာသစ္စာတုံး (သမုဒယသစ္စာပါဘုရား)၊ တဏှာ ဘာသစ္စာတုံး (သမုဒယသစ္စာပါဘုရား)၊ ဥပါဒါန် ဘာသစ္စာတုံး (သမုဒယသစ္စာပါဘုရား)၊ သမုဒယ ရှိမှ ဒုက္ခရှိမှာ၊ ဒုက္ခဖြစ်ရတယ်၊ အဲဒီအကြောင်း အကျိုးမှ မှန်တယ် ဟုတ်ကဲ့လား၊ အဲလို ဂရုစိုက် . . . ဒါ့ကြောင့် **"တဏှာ" ကို မလုပ်ဖြစ်ဘူး ဝေဒနာ "ဒုက္ခ" ကြောက်လွန်းလို့** မဟုတ်ဘူးလား၊ ဝေဒနာက ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)၊ တဏှာက ဘာသစ္စာတုံး (သမုဒယသစ္စာပါဘုရား)၊"တဏှာသမုဒယာ ဝေဒနာသမုဒယော" ဒီလို ရှုတဲ့အခါကျတော့ တဏှာမရှိဘဲနဲ့ ဝေဒနာရှိမလား၊ (မရှိတော့ပါဘူးဘုရား)၊ တဏှာကြောင့်ဖြစ်တဲ့ ဝေဒနာကို

www.burmeseclassic.com

www.burmeseclassic.com



သာရှုရမယ် ဟုတ်ကဲ့လား (မှန်ပါဘုရား)၊ ဟို. . . ခန္ဓာက ရှုတဲ့ ဝေဒနာက ခံစားတဲ့ ဝေဒနာ . . .၊ ဆူးစူးလည်း နာမှာပဲ၊ ဘာလုပ်လည်း နာမှာပဲ၊ ဟိုဟာနဲ့ ထိတော့ ဥပါဒါန်နဲ့ ထိတော့ ကောင်းမနေဘူးလား၊ အဲဒီ ဝေဒနာ . . .ဥပါဒါန်ကြောင့်ဖြစ်တဲ့ ဝေဒနာ၊ တဏှာ ကြောင့်ဖြစ်တဲ့ ဝေဒနာ၊ ဖဿကြောင့်ဖြစ်တဲ့ ဝေဒနာ မဖြစ်ဘူးလား၊ အကြောင်းက အဲလိုလာတာ၊ "ငါးခု" လက်ချိုး. . .

"အဝိဇ္ဇာသမုဒယာ ရူပသမုဒယော"
(အဝိဇ္ဇာသမုဒယာ ရူပသမုဒယော)၊
"တဏှာသမုဒယာ ဥပါဒါနသမုဒယော"
(တဏှာသမုဒယာ ဥပါဒါနသမုဒယော)၊
"ဥပါဒါနသမုဒယာ ရူပသမုဒယော"
"ဖဿ သမုဒယာ"အဲဒါ အဝိဇ္ဇာ သမ္ဖဿလို့ခေါ်တယ်။

လူတို့ မိန်းမတို့ ယောက်ျားတို့ ဖြစ်သွားတယ်၊ **ဖဿတောင်မှ အဝိဇ္ဇာ သမ္ဖဿနဲ့ အဝိဇ္ဇာမဟုတ်တဲ့ သမ္ဖဿရှိသေးတယ်၊ အဲလို ဂရုစိုက် ဒါမှ တဏှာမဖြစ်မှန်း ဖြစ်မှန်း သိတယ်၊ အဝိဇ္ဇာ သမ္ဖဿကျမှ ဝေဒနာတဏှာ ဖြစ်တယ်။**

ရုပ်ကျတော့ "အာဟာရသမုဒယာ ရူပသမုဒယော" (အာဟာရသမုဒယာ ရူပသမုဒယော)၊ ငါးခု စေ့ပြီးလား၊ အာဟာရ သမုဒယာ ဟို. . . ဒီပြင် နာမ်ခန္ဓာတွေကျတော့ "အာဟာရ"

www.burmeseclassic.com

www.burmeseclassic.com



နေရာ "ဖဿ"ကို ထဲ့ရတယ်၊ "ဝိညာဏ်"ကျတော့ကို အာဟာရ နေရာကို "နာမ်ရုပ်" ကို ထဲ့ရတယ်ဟုတ်ကဲ့လား၊ အဲလို . . ဝိညာဏ်ကျတော့ နာမ်ရုပ်ထဲ့၊ ကမ္မသမုဒယာ ရူပသမုဒယော ရတယ်။

{ရုပ်ဖြစ်ကြောင်းငါးပါး-အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ အာဟာရ}

{အဝိဇ္ဇာသမုဒယာ ရူပသမုဒယော
တဏှာသမုဒယာ ရူပသမုဒယော
ဥပါဒါနသမုဒယာ ရူပသမုဒယော
ကမ္မသမုဒယာ ရူပသမုဒယော
အာဟာရသမုဒယာ ရူပသမုဒယော}

အဲဒါမှ ငါးခု ရုပ်ကို ခန္ဓာ ၁-ခုကို အဲဒီဟာက ငါးခု၊ ခန္ဓာတစ်ခုကို ဘာတုံး (ငါးခုပါဘုရား)၊ အဝိဇ္ဇာသမုဒယာ ရူပ သမုဒယောဆိုတော့ အကြောင်းကငါးခု၊ ဖြစ်တဲ့ရုပ်က တစ်ခုထဲ မဟုတ်လား (တင်ပါ့ဘုရား)၊ အဲလို . . . ဖြစ်တာကိုလည်း သိရတယ်၊ စက္ခုဥဒပါဒိ ဉာဏံဥဒပါဒိ ဝိဇ္ဇာဥဒပါဒိ မဟုတ်ဘူးလား အာလောကော ဥဒါပါဒိ က ဘယ်နှစ်ခုတုံး (ငါးခုပါဘုရား)၊ ငါးခု၊ အဲဒါ ဂရုစိုက်လုပ်ပါ၊ ရုပ်တစ်ခုထဲမှာ ငါးခုဖြစ်တာကို ရုပ်တစ်ခုထဲ ဘာဖြစ်သွားတုံး (ငါးခုဖြစ်သွားပါတယ်ဘုရား)၊ ခန္ဓာငါးခုဆိုတော့ ဘယ်နှစ်ခုဖြစ်မတုံး၊ (၂၅-ခုပါဘုရား)၊ အဲဒါမှတ်ထား အဲဒါ သမုဒယနဲ့ ဒုက္ခကို အဲလိုရှုတယ်၊ ခန္ဓာ ငါးခုဆိုတော့ ဘယ်နှစ်ခုတုံး (နှစ်ဆယ့်ငါးခုပါဘုရား) တစ်ထောင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရမှာ၊ ဉာဏ်က ဒီလောက် ကောင်းတာ ရှင်သာရိပုတ္တရာတို့ မဟုတ်ဘူးလား၊ ကဲ . . . ဒကာမကြီးတို့ လိုက်လို့မီသေးလား (မမီပါဘူးဘုရား)။

ရုပ်တစ်ခုကို ဥဒပါဒိက ဘယ်နှစ်ခုတုံး (ငါးခုပါ ဘုရား)၊ အကြောင်းအကျိုးနဲ့ ဟုတ်ကဲ့လား အကြောင်းက ငါးခု၊ အကျိုးက ငါးခုဆိုတော့ ဘယ်နှစ်ခုတုံး (ငါးဆယ်ပါဘုရား)၊ အကြောင်းကိုလည်း သိရမယ်၊ အကျိုးကိုလည်းသိရမယ်၊ ခန္ဓာငါးပါး ရောက်သွားပြီနော်၊ အကြောင်းငါးခု-အကျိုးငါးခု၊ ဆယ်ခုပေါ့ . . . ခန္ဓာငါးပါးဆိုတော့ ဘယ်နှစ်ခုတုံး (ငါးဆယ်ပါဘုရား)၊ ခုနတုန်းက အစိတ်ဆိုတော့ ခု ငါးဆယ်ဖြစ်သွားပြီ၊ အဲဒါ စက္ခုဥဒပါဒိ . . . နဲ့တင် ငါးဆယ်၊ အဝိဇ္ဇာသမုဒယာ ရူပ သမုဒယောနဲ့တင် ငါးဆယ်၊ ဥဒါပဒိ ငါးခုဆိုရင် ဘယ်နှစ်ဆယ်တုံး(နှစ်ရာ့ငါးဆယ်ပါ ဘုရား)၊ ငါး ငါးဆယ်လီ နှစ်ရာ့ငါးဆယ်၊ ဒီဟာ ဖြစ်တဲ့ဟာ ဥဒပါဒိက အဝိဇ္ဇာသမုဒယာ ရူပသမုဒယော ဆိုတော့ကို ဒီ အဇ္ဈတ္တနဲ့ ဗဟိဒ္ဓ မပါဘဲနဲ့ဖြစ်ကဲ့လား၊ (မဖြစ်ပါဘူးဘုရား)၊ အဲဒါနဲ့ မြှောက်လိုက်တော့ ဘယ်လောက်ရလဲ (ငါးရာပါဘုရား)၊ ပထမ တန်းများတယ်၊ အာရုံကရှိသေးတယ်၊ အဇ္ဈတ္တတို့ ဗဟိဒ္ဓတို့၊ ရုပ်နာမ်တို့ ပြီးတော့ အတိတ် အနာဂါတ် ပစ္စုပ္ပန်တို့ ပါသေးတယ်၊ ဆယ့်တစ်ပါးဆို . . . ဘယ် . . . တစ်ထောင်ကျော်တောင်

www.burmeseclassic.com

www.burmeseclassic.com



သွားလိမ့်အုံးမယ်၊ အဲဒါတွေရှေကြည့်ပါ . . .ကိုယ်ကတော့ တစ်ခုနှစ်ခုတောင် မနည်းလိုက် သိနေရတယ် . . .ဟုတ်တယ် မို့လား (မှန်ပါဘုရား)။

## မှိန်းမှိန်းကြီးက တဏှာခံစားတယ်

ခု ခေါင်းငုံ့တာတွေ မျက်တောင်ခတ်တာတွေ ဘာလုပ် တာတုံး၊ ရုပ်ဖြစ်တာ . . .ဘာဖြစ်တာတုံး (ရုပ်ဖြစ်တာပါဘုရား)၊ အောင်မာ ငါဖြစ်တယ်လို့များ ထင်နေသလား၊ အဲ မျက်တောင် ခတ်တာတွေ မျက်စိဖွင့်တာတွေ ဘာဖြစ်တာတုံး (ရုပ်ဖြစ်တာ ပါဘုရား)၊ ဝိညာဏ်ဖြစ်တာ၊ မြင်တာက ဘာဖြစ်တာတုံး (ရုပ် ဖြစ်တာပါဘုရား)၊ ဥပေက္ခာဖြစ်တာက ဘာဖြစ်တာတုံး (ဝေဒနာ ဖြစ်တာပါဘုရား)၊ ကောင်း မကောင်းကြည့်နေတာ အဲဒါ ဝေဒနာ ဖြစ်တာပဲ၊ ဘယ်သူပဲ ဘယ်ဝါပဲလို့ အမှတ်မရဘူးလား (အမှတ်ရ ပါတယ်ဘုရား)၊ အဲဒါ ဘာဖြစ်တာတုံး (သညာဖြစ်တာပါဘုရား)၊ ကောင်းတာ ဆိုးတာ မမှတ်ဘူးလား၊ အဲဒါဘာဖြစ်တာတုံး (ဝေဒနာ ဖြစ်တာပါဘုရား)၊ သင်္ခါရဖြစ်တာ၊ ခံစားရတာက ဘာဖြစ်တာတုံး (ဝေဒနာဖြစ်တာပါဘုရား)၊ ခန္ဓာငါးပါးမယ်ဖြစ် သွားတယ် . . . ဥဒပါဒိ ပါတယ်၊ အဲလို ဂရုစိုက် . . . ငြိမ်ငြိမ်ကြီး လုပ်မနေနဲ့ နင်တို့က. . .ငြိမ်ငြိမ်ကြီးကဘယ်က လာ တုံးဆိုရင် မှိန်းမှိန်းကြီးက လာတာ . . .၊ **မှိန်းမှိန်းကြီးက တဏှာခံစားတယ်**၊ မခံစားဘူးလား၊ မှိန်းမှိန်းကြီးဆိုတော့ မကောင်းဘူးလား အဲဒါတွေကို မှိန်းချင်နေတယ် ရိပ်မိရဲ့လား

www.burmeseclassic.com

www.burmeseclassic.com



မှိန်းမှိန်းကြီးမနေနဲ့ ဟုတ်ကဲ့လား (မှန်ပါဘုရား)၊ မှိန်းမှိန်းကြီး နေတာက တဏှာနဲ့နေတာများလို့ ပြိတ္တာကြီးဖြစ်တာ၊ မြွေကြီး တွေဖြစ်တော့ရော မှိန်းမှိန်းကြီးမနေဘူးလား၊ အဲဒါအိပ်တာ မှိန်းမှိန်းကြီး တဏှာ၊ "တဏှာသမုဒယာ" (တဏှာသမုဒယာ)၊ ပြီးတော့ရော၊ (ရူပသမုဒယောပါဘုရား)၊ ဝေဒနာသမုဒယော သညာသမုဒယော ငါးခုမရှိဘူးလား၊ အဲဒါ တဏှာ . . . သူက မှိန်းမှိန်ကြီး၊ ခန္ဓာကြီးကလည်း မှိန်းမှိန်းကြီးနေတာ၊ ဒကာမကြီး တို့ကသဘောမကျဘူးလား ကျသလား၊ သိတဲ့ လူက သဘောကျ သလား၊ (မကျပါဘူးဘုရား)၊ အဲသလို ဂရုစိုက်ပါ။ အဲလို မှိန်းမှိန်း ကြီးလုပ်မနေနဲ့၊ ဉာဏ်နဲ့ နေရမယ်၊ "သဗ္ဗံ မနောကမ္မံ" ဆိုစမ်း (သဗ္ဗံ မနောကမ္မံ)၊ ဉာဏပုဗ္ဗင်္ဂမံ (ဉာဏပုဗ္ဗင်္ဂမံ)၊ ဉာဏာနုပရိဝ တ္တိတံ (ဉာဏာနုပရိဝတ္တိတံ)၊ မြတ်စွာဘုရား မနောကံမှာ ဉာဏ်နဲ့ နေတယ်၊ ဒကာမကြီးတို့လည်း ဉာဏ်နဲ့နေ၊ မှိန်းမှိန်းကြီး သွား-သွားမနေနဲ့ ဟုတ်ကဲ့လား၊ (မှန်လှပါဘုရား)၊ မသိလိုက် မသိဖာသာ မနေနဲ့ အဝိဇ္ဇာနဲ့နေတာ၊ မသိလိုက် မသိဖာသာ နေတာ ဘာတုံး (အဝိဇ္ဇာနဲ့နေတာပါဘုရား)၊ သားတွေ သမီးတွေ ပစ္စည်းတွေ အောင်းမေ့နေတာ ဘာနဲ့နေတာတုံး (အဝိဇ္ဇာနဲ့နေတာပါဘုရား)၊ ဥပါဒါန်နဲ့နေတာတွေ ဟုတ်ကဲ့လား (မှန်ပါဘုရား)၊ **"ကမ္မ သမုဒယာ" တွေရောပါသေးတယ်**ထားတော့ . . .။

www.burmeseclassic.com

www.burmeseclassic.com



## တစ်ရှိထည်းရှိနေတာက ပုထုဇဉ်မလို့ တဖြစ်ထည်း ဖြစ်နေတာ

အခု ငြိမ်နေတာ ဘာသစ္စာတုံး"မဖြစ်ဘူး" "မဖြစ်ဘူး" (နိရောဓသစ္စာပါဘုရား)၊ အဲဒါကို မျက်စိက မျက်မှောက်ပြုနေရမယ်၊ ဟို ငြိမ်တာမဟုတ်ဘူး မှိန်းတာ မဟုတ်ဘူး ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ အဝိဇ္ဇာနိရောဓာ၊ (အဝိဇ္ဇာနိရောဓာ)၊ ဆိုစမ်း (သင်္ခါရနိရောဓော)၊ "ရူပနိရောဓော" တရားနဲ့ ဒီလို နီးစပ်အောင် ပြောနေတယ်၊ ဒီလိုလုပ်ကြည့်တော့ မနီးဘူးလား နီးသလား၊ နိဗ္ဗာန်ဆိုတာ ဝေး-ဝေးကြီးဖြစ်နေတယ် ဟုတ်ကဲ့လား၊ "အဝိဇ္ဇာနိရောဓာ ရူပနိရောဓော" အဲလိုဆိုရတယ် ရုပ်တောင်မရှိတော့ဘူး၊ အဝိဇ္ဇာနိရောဓာ ဝေဒနာနိရောဓော . . . အဲဒီ ဝေဒနာမရှိဘူး၊ အဝိဇ္ဇာလည်း နေရာတိုင်းရှိနေတယ်လို့ မှတ်မနေနဲ့ **တစ်ရှိထည်း ရှိနေတာက ပုထုဇဉ် မလို့တစ်ဖြစ်တည်း ဖြစ်နေတာ** ဒီလို . . . "သုတဝါ အရိယာ သာဝကော" ကြားဖူးတဲ့ ပုဂ္ဂိုလ်တွေ၊ သေက္ခပုဂ္ဂိုလ်တွေက ပုထုဇဉ်လို မဟုတ်ဘူး ရိပ်မိလား၊ တရားနာတဲ့ ပုဂ္ဂိုလ်တွေ၊ ကျင့်ဆဲ ပုဂ္ဂိုလ်တွေက သေက္ခပုဂ္ဂိုလ်တွေ ဘာခေါ်တုံး (ကျင့်ဆဲ သေက္ခပုဂ္ဂိုလ်ပါဘုရား)၊ အင်း . . . တရားတွေနာပြီး ကျင့်ဆဲပြီးသွားပြီဆိုရင် ကျင့်ပြီးပုဂ္ဂိုလ်ဟုတ်လား (မှန်ပါဘုရား)၊ ကျင့်ပြီးပုဂ္ဂိုလ် အသေက္ခပုဂ္ဂိုလ်၊ ဘာခေါ်တုံး (အသေက္ခပုဂ္ဂိုလ်ပါဘုရား)၊ အဲဒါ ဘုရား ရဟန္တာတွေ . . . ကျင့်ပြီးပြီ ရှင်သာရိပုတ္တရာ နာပြီးပြီ ကျင့်ပြီးပြီ ဟုတ်ကဲ့လား၊

www.burmeseclassic.com

www.burmeseclassic.com



အရင်တုန်းက. . . မကျင့်ရသေးဘူး၊ အဲဒီ တရားကို နာရုံတင် နာတာ၊ နာတော့ ဘယ်လိုသိတုံးဆိုတော့ အကြောင်းအကျိုးကို သိတယ်၊ နာတော့ ဘယ်လိုသိတုံး (အကြောင်းအကျိုးကို သိပါတယ်ဘုရား)၊ ဟောတု-အကြောင်းတဲ့. . .။

## ရုပ်ဖြစ်တာ ဘာကြောင့်ဖြစ်သတုံး

အခု မျက်တောင်ခတ်တာတွေ ဘာလုပ်တာတုံးရုပ် ဖြစ်တာ၊ ဘာကြောင့်ဖြစ်သတုံး၊ (အဝိဇ္ဇာကြောင့် ဖြစ်တာပါဘုရား)၊ ဒကာမကြီးတို့ကျတော့ အာဟာရပဲ သိတယ်၊ “အာဟာရ သမုဒယာ ရူပသမုဒယော” ဒါပဲသိတယ်၊ အဝိဇ္ဇာဖြစ်နေလို့ မျက်စိတွေ မြင်နေတယ်လို့ မသိဘူး၊ မျက်စိတွေမြင်နေတာ ဘာသမုဒယတုံး ဝိညာဏသမုဒယ၊ မျက်စိမြင်တာ ဘာသမုဒယ တုံး (ဝိညာဏသမုဒယပါဘုရား)၊

နားကြားတာ ဘာသမုဒယတုံး (ဝိညာဏသမုဒယပါဘုရား)

နှာခေါင်းနံတာ ဘာသမုဒယတုံး (ဝိညာဏသမုဒယပါဘုရား)

အဲ. . ကိုယ်ကြီးထိတာ ဘာသမုဒယတုံး (ဝိညာဏသမုဒယပါဘုရား)

စိတ်ထဲကကြံတာ ဘာသမုဒယတုံး (ဝိညာဏသမုဒယပါဘုရား)

“အဝိဇ္ဇာသမုဒယာ ဝိညာဏသမုဒယော” မပါဘူးလား ပါသလား (ပါပါတယ်ဘုရား)၊ “နာမရူပ သမုဒယာ” (နာမရူပ သမုဒယာ)၊ “ဝိညာဏသမုဒယော” (ဝိညာဏသမုဒယော)၊ အဲလိုဖြစ်တာ အကြောင်းငါးပါး မရှိဘူးလား ဝိညာဏ်ဖြစ်တာ၊ ဘယ်မယ်လူကြီး “ငါ” ကြီးရှိသလား (မရှိပါဘူးဘုရား)၊ အဲလို

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားတယ် အဲလို သိပေးရတယ်၊ ဖြစ်တာ ငါ့ဖာသာဖြစ်တယ်လို့ မမှတ်ဘူးလား မှတ်သလား (မှတ်ပါတယ်ဘုရား)၊ ထမင်းမစားဘဲနဲ့ ဖြစ်ကဲ့လား (မဖြစ်ပါဘူးဘုရား)၊ ထမင်းလည်း ဆန်က မရှာဘဲနဲ့ ရရဲ့လား (မရပါဘူးဘုရား)၊ အဲလိုမျိုးတွေ. . .၊ ပြီးတော့ အဟောင်းမထုတ်ဘဲနဲ့ ဖြစ်ကဲ့လား (မဖြစ်ပါဘူးဘုရား)၊ အသစ် မစားဘဲနဲ့ ဖြစ်ကဲ့လား (မဖြစ်ပါဘူးဘုရား)၊ အဲဒါတွေ ဂရုစိုက်. .။

## သုတဝါ အရိယာသာဝကော

"မဖြစ်"ဆိုရင် "မဖြစ်"တာ-"ဖြစ်ဆို"ရင်"ဖြစ်"တာ၊ "ဖြစ်တာ"နဲ့ "မဖြစ်တာ" အဲဒါတွေ ဖြစ်နေတယ်၊ ပြီးတော့မှ အဲဒါတွေ မသိတော့မှ. . ."လူ"လို့ ယောက်ျားလို့သွား ဖြစ်ပြီးတော့ အဝိဇ္ဇာသွားဖြစ်တာ၊ **"အဝိဇ္ဇာ" ဘယ်က"ဖြစ်" မသိတာက"ဖြစ်"**၊ အဲသလို မသိတာကဖြစ်တာ ဆရာကလည်း သင်မပေးဘူး၊ မအေ ဖအေကလည်း သင်မပေးဘူး၊ ကိုယ့်ဖာသာ ကိုယ်ကလည်း မသိဘူး၊ ဒီတော့ မသိတာက "စ" မဖြစ်ဘူးလား၊ မသိတာက ဘာတုံး (အဝိဇ္ဇာပါဘုရား)၊ အဲ. . .အဝိဇ္ဇာဆိုတာ အဲဒီကလာတာ သင်မပေးရင် "သုတဝါ အရိယာသာဝကော" (သုတဝါ အရိယာသာဝကော)၊ အဲသလို မှန်မှန်ကြားဖူးတဲ့ ပုဂ္ဂိုလ်က. . .အရိယာပုဂ္ဂိုလ်ရဲ့ တပည့်ဖြစ်သွားတယ်၊ အဲတော့မှ. . .**ရူပသ္မိံမ္ပိ နိဗ္ဗိန္ဒတိ** (ရူပသ္မိံမ္ပိနိဗ္ဗိန္ဒတိ)၊ **ဝေဒနာယပိ နိဗ္ဗိန္ဒတိ** (ဝေဒနာယပိ နိဗ္ဗိန္ဒတိ)၊ **သညာယပိ နိဗ္ဗိန္ဒတိ** (သညာယပိ နိဗ္ဗိန္ဒတိ)၊ **သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ** (သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ)၊

www.burmeseclassic.com

www.burmeseclassic.com



ဝိညာဏာသ္မိမ္ပိ နိဗ္ဗိန္ဒတိ (ဝိညာဏာသ္မိမ္ပိ နိဗ္ဗိန္ဒတိ)၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ (နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ)၊ ဝိရာဂါ ဝိမုစ္စတိ (ဝိရာဂါ ဝိမုစ္စတိ) ဝိမုတ္တသ္မိံ "ဝိမုတ္တ" မိတိ ဉာဏံ ဟောတိ (ဝိမုတ္တသ္မိံ "ဝိမုတ္တ" မိတိ ဉာဏံ ဟောတိ)၊ ခီဏာ ဇာတိ (ခီဏာ ဇာတိ)၊ ဝုသိတံ ဗြဟ္မစရိယံ (ဝုသိတံ ဗြဟ္မစရိယံ)၊ ကတံ ကရဏီယံ (ကတံ ကရဏီယံ)၊ နာပရံ ဣတ္ထတ္တာ ယာ တိ ပဇာနာတီတိ (နာပရံ ဣတ္ထတ္တာယာ တိ ပဇာနာတီတိ)။ အဲလို အကျင့်တိုင်းသွားတယ် အဲလိုကျမှ ငြိမ်းငွေ့တယ် ငြိမ်းငွေ့ပြီး တစ်ခါတည်းကို . . .။

## 'ဝင့်ကောင်'မှာ 'ဝင့်' မရှိတော့ဘူးဆိုရင် . . .

ပျော်နေတယ် . . . မပျော်ဘူးလား၊ (ပျော်ပါတယ် ဘုရား) ဘာထဲမှာ ပျော်နေတုံး (ကိလေသာထဲမှာပါဘုရား)၊ ကိလေသာက ဘာတုံး (ဝင့်ပါဘုရား)၊ ကိလေသဝင့်လို့မရှိ ဘူးလား (ရှိပါတယ်ဘုရား)၊ အခု ကိလေသာ ဖြစ်သလား (မဖြစ်ပါဘူးဘုရား)၊ ဖြစ်ရင်ဘယ်မှာဖြစ်တုံး (မနောမှာပါဘုရား)၊ အခု ဒကာမကြီးတို့က ဘာတုံး (ဝင့်ကောင်ပါဘုရား)၊ အဲဒီမှာ ဝင့်ကောင်မှာ ဖြစ်တာပေါ့၊ မဟုတ်ဘူးလား၊ **မဖြစ်ဘဲ နေရင် ဒီ"ဝင့်ကောင်"မှာ "ဝင့်"ရှိသေးလား** (မရှိတော့ပါဘူးဘုရား) ဝင့်ဆိုတာ ဘယ်မှာ ဖြစ်သတုံး-အကောင်မှာ ဖြစ်တယ်၊ ဝင့် ဆိုတာ ဘယ်မှာဖြစ်သတုံး (အကောင်မှာ ဖြစ်ပါတယ်ဘုရား)၊ အကောင်မှာ ဝင့်မရှိရင် ဖြစ်သေးလား၊ ဝင့်ကောင်လို့ ခေါ်လို့ ဖြစ်သေးလား (မဖြစ်တော့ပါဘူးဘုရား)၊ ဒကာမကြီးတို့က

www.burmeseclassic.com

www.burmeseclassic.com



ဘာကောင်တုံး (ဝင့်ကောင်ပါဘုရား)၊ ဝင့်မရှိဘူးဆိုရင် ဘာကောင် ခေါ်သတုံး (ဝိဝဋ္ဋပါဘုရား) ဝင့်မရှိတဲ့ အကောင်ခေါ်တာပေါ့ မဟုတ်ဘူးလား၊ တဏှာကြီးက အခုရှိနေသလား (မရှိပါဘူး ဘုရား)၊ "ကံ" ကရောရှိနေသလား(မရှိပါဘူးဘုရား) ကံနဲ့ ကိုယ်နဲ့ဟာ အတူတူလား (မဟုတ်ပါဘူးဘုရား)၊ "ဝင့်ကောင်"နဲ့ "ကံ"နဲ့၊ ကောင်နဲ့ ကံနဲ့၊ ကောင်ဆိုတာ ဘယ်ဟာတုံး ဒီကိုယ်ကြီး ပေါ့၊ ကောင်ဆိုတာ ဘယ်ဟာတုံး (ဒီကိုယ်ကြီးပါဘုရား)၊ ဒီကိုယ် ကြီး ဒီကောင်ကြီး ဒီကောင်မကြီးပေါ့၊ မရှိဘူးလား မခေါ်ဘူးလား (ခေါ်ပါတယ်ဘုရား)၊ ဒီကောင်မှာ "ဝင့်"တရားမရှိဘူးတဲ့ ဘာကောင်ခေါ်သတုံး ဝင့်မရှိတာပေါ့ အဲသလိုဖြစ်ရမှာပေါ့ . . . ဘယ်ရှိလို့ကြီးထဲနေရင် ဒကာမကြီးတို့ သေရောပေါ့၊ မလွတ် တော့ဘူး။

## ဝင့်ထောင်က မလွတ်အောင် ချုပ်နှောင်တာ ဘယ်သူတုံး

အခုက ဘုရားရှိနေတယ်၊ ဝင့်ကလွတ်ရမှာပေါ့၊ ဝင့်က ဘာဝင့်တုံး ကိလေသဝင့်၊ အခုရှိသလား (မရှိပါဘူးဘုရား)၊ မှတ်ထား . . ကာယကံ ဝစီကံ မနောကံရော ရှိသလား (မရှိပါဘူး ဘုရား)၊ အဲဒါ ဝိပါကဝင့်က မလွတ်ဘူးလား (လွတ်ပါတယ် ဘုရား)၊ အဲဒီ အကောင်နဲ့ဝင့်၊ ဘာကြောင့် . . . ဝင့်ဆိုတာ ဘယ်လိုဟာ၊ အကောင်ဆိုတာ ဘယ်လိုဟာ၊ အဲဒီ ဂရုစိုက် ဟုတ်တယ်မို့လား၊ **ဝင့်ထောင်က မလွတ်အောင် ချုပ်နှောင်တာ ဘယ်သူတုံး** (ကိလေသာပါဘုရား)၊ ချုပ်နှောင်အတုပ်လွတ်တယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ဘယ်သူ့လွှတ်သတုံး ဝဋ်ကောင်ကြီးမှာ လွှတ်တာပေါ့ အဲသလို လွှတ်ရမှာ၊ ရိပ်မိပလား (မှန်လှပါဘုရား)၊ ကိုယ့်ကို ကိုယ်ကြီးကို ဂရုစိုက်၊ ဘယ်သွားလွှတ်မတုံး . . .ဝဋ်ကောင်မှာ ဝဋ်တွေလွှတ်တယ်၊ ဝဋ်ကောင်မှာဘာတွေ လွှတ်သတုံး (ဝဋ်တွေ လွှတ်ပါတယ်ဘုရား)၊ အရင်တုန်းက မလွှတ်တတ်လို့ လွှတ်တတ်ရင်လွှတ်ရမှာ မဟုတ်ဘူးလား (မှန်ပါဘုရား)၊ ကိလေသာဆိုတာ ဘာတုံး (ဝဋ်ပါဘုရား)၊ ကာယကံ ဝစီကံ မနောကံဆိုတာ ဘာတုံး (ကမ္မဝဋ်ပါဘုရား)၊ မျက်စိတွေ နားတွေ နှာခေါင်းတွေက ဘာဝဋ်တုံး (ဝိပါကဝဋ်ပါဘုရား)၊ အဲဒါ ဘာတွေတုံး (“ဝဋ်”တွေပါဘုရား)၊ “ဝဋ်ကောင်”ဆိုစမ်း . . .(ဝဋ်ကောင်)၊ “ဝဋ်ကောင်”နဲ့ ဝဋ်နဲ့ အတူတူလား နှစ်ခုလား (မတူပါဘူးဘုရား)၊ အဲဒါ ကိုယ့်ကိုကိုယ် ဝဋ်ရှိတယ် မရှိဘူးလဲ အဲလိုသိရမယ်၊ ရိပ်မိလား (ရိပ်မိပါတယ်ဘုရား)။

## ပြုကြောင်းရယ်၊ ပြုတာရယ်၊ ဖြစ်တာရယ်

ဒါမှ ဉာဏ်တွေ . . သိပ္ပံပညာမှာ ဉာဏ်တွေ မဖြစ်ဘူးလား အဲသလိုကို ဉာဏ်တွေ ဖြစ်ရတယ်၊ ဉာဏ်ကခွဲခြမ်းရတယ်၊ ဒါမှ ဉာဏ်ဖြစ်မှာပေါ့၊ ကံ က ဘာဝဋ်တုံး (ကမ္မဝဋ်ပါဘုရား) ကမ္မဝဋ်ဆိုတာ “ကံ” လုပ်တုံးမှာ ဖြစ်နေတာ ဟုတ်ကဲ့လား၊ **အဝိဇ္ဇာက “ကိလေသဝဋ်”က “ဖြစ်ကြောင်း”** ဟုတ်ကဲ့လား၊ **ကိလေသာက “ပြုကြောင်း”**လို့ဆိုရမယ်။ “ကိလေသာ”က ဘာလဲ (ပြုကြောင်းပါဘုရား)၊ ကံ ကပြုတာနော် ကိလေသာက ဘာတုံး (ပြုကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ပါဘုရား)၊ **"ကံ" က ဘာလုပ်တာတုံး (ပြုတာပါဘုရား)၊** "ကံ" က ပြုတာကို **ခံစားတာက ဘာလုပ်တာတုံး (ဖြစ်တာပါဘုရား)၊** အဲဒီသုံးခု ဂရုစိုက် "ပြုတာ" မဖြစ်ရင် "ခံစားတာ" ဖြစ်သေးလား (မဖြစ်ပါဘူးဘုရား)၊ "ပြုကြောင်းမဖြစ်လို့ရှိရင် "ပြုတာ" ဖြစ်သေးလား (မဖြစ်ပါဘူးဘုရား)၊ အဲလိုခွဲခြားမှ ကံကုန်တာ သို့မဟုတ် လို့ရှိရင် "ကံကို" မကုန်ဘူး၊ အဲဒီကံရဲ့ အရိပ်အချေကို မမြင်လို့ရှိရင် "ကံ"ကိုမကုန်ဘူး အဲဒီကံရဲ့ အရိပ်အချေကို မမြင်လို့ရှိရင် နောက်ထပ်ပြီး ပြုချင်-ပြုချင်နေတယ်၊ ပြုချင်-ပြုချင် နေတယ် ဆိုတာ ဘာတုံး (ကိလေသဝဋ်ပါဘုရား)၊ အဲ ကံရဲ့ အရိပ်အချေကို မသိလို့ရှိရင် ပြုချင်နေတယ်၊ ပြုချင်တာက ဘာတုံး (ကိလေသာပါဘုရား)၊ အဲဒီ ပြုချင်တာမရှိရင် ပြုတာရှိသေးလား (မရှိတော့ပါဘူးဘုရား)၊ ပြုတာမရှိရင် ဖြစ်တာရှိ သေးလား (မရှိတော့ပါဘူးဘုရား)၊ အဲဒီ သုံးခုကို ဂရုစိုက်၊ ကွဲရဲ့လား (ကွဲပါတယ်ဘုရား)၊ အဲလို ခွဲပြောမှ...ဒါမှလည်း လုပ်တတ်မှာ၊ သို့မဟုတ်လို့ရှိရင်...၊ ဒါ "ပဋိပတ္တိ" ကျင့်တတ်တယ်၊ ပြီးတော့မလုပ်ဘူးလား၊ ကိလေသာ ဆိုတာ ဘာလုပ်တဲ့ ဟာတုံး ပြုကြောင်း၊ ကိလေသာရှိမှ ပြုတာရှိ တယ်၊ ကိလေသာ မရှိရင်ပြုတာ ဖြစ်ကဲ့လား (မဖြစ်ပါဘူးဘုရား)၊ တစ်ယောက်တည်းနေ-နေ နှစ်ယောက်တည်းနေ-နေ ကိလေသာ ရှိရင် ဖြစ်တာပဲ၊ ပြုတာပဲဆိုပါတော့၊ ပြုတာက ဘယ်သူတုံး (ကံပါဘုရား)၊ ပြုကြောင်းက ဘယ်သူတုံး (ကိလေသာပါဘုရား)

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာက ဘယ်သူတုံး (ဝိပါက ပါဘုရား) ဝေဒနာတို့ တဏှာတို့ ဉပါဒါန်တို့ မဟုတ်ဘူးလား၊ အဲဒါဖြစ်သွားတာ၊ တဏှာရော ဖြစ်သွားတာပါဘဲ မဟုတ်ဘူးလား၊ ပြုတာက ဘယ်သူတုံး (ကံပါဘုရား)၊ ဖြစ်သွားတဲ့ ဝိပါက်ကြီးက ဒကာမကြီးတို့ မဟုတ်ဘူးနော်၊ သူ့ကို ဘာလို့ခေါ်မတုံး (ဝိပါကဝဋ် ပါဘုရား)၊ သူ့ကို ဘာလို့ခေါ်မတုံး (ဝိပါကဝဋ်ပါဘုရား)။

## 'ဝဋ်'နဲ့ 'ဝဋ်ကောင်'နဲ့ ခွဲ

ဒကာမကြီးတို့က ဝဋ်ကောင်နော်၊ ဟိုဟာက ဘာတုံး (ဝဋ်ပါဘုရား)၊ **"ဝဋ်"နဲ့ "ဝဋ်ကောင်"နဲ့ခွဲ၊** ဒီကောင်ကြီးက ထမင်းတွေစားပြီး တစ်ဘဝမှာ ဒီလိုပဲ ဖြစ်နေမှာပဲ၊ အဲဒီ ဝဋ်ကောင် ထဲမှာ ဝဋ်မရှိဘူးဆိုလို့ရှိရင် ဝဋ်ရှိတဲ့ အကောင်လို့ဆိုနိုင်သလား (မဆိုနိုင်ပါဘူးဘုရား)၊ အခုမှ ခွဲလို့ခွာလို့ဖြစ်မှာပေါ့၊ သို့မဟုတ်လို့ ရှိရင် ဒီဝဋ်ကြီး ဘယ်နှယ့်လုပ်ဖြစ်မတုံး၊ အခု ကိလေသာ ရှိသလား (မရှိပါဘူးဘုရား)၊ မရှိဘဲနဲ့ ကိလေသာရှိတယ်လို့ ပြောလို့ရသလား၊ အဲဒါ ဝဋ်ကောင် . . . အခု ဝဋ်ရှိသလား (မရှိပါဘူးဘုရား)၊ ဒါလေးက လူတိုင်းမသိဘူးနော် (မှန်ပါ့ဘုရား)၊ ပြောတတ်တဲ့ တရားလည်း ဟုတ်ကဲ့လား၊ အဲလိုလို "ခွဲ" မပြောတတ်လို့ မကွဲတာ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ ပြုကြောင်း က ဘာဝဋ်တုံး (ကိလေသဝဋ်ပါ ဘုရား)၊ ပြုတာက ဘာဝဋ်တုံး

www.burmeseclassic.com

www.burmeseclassic.com



(ကမ္မဝင့် ပါဘုရား)၊ ဖြစ်တာက ဘာဝင့်တုံး (ဝိပါကဝင့်ပါဘုရား)၊ ကိလေသဝင့် ဆိုစမ်း . . .(ကိလေသဝင့်)၊ ပြီးတော့ရော (ကမ္မဝင့်ပါဘုရား)၊ ဖြစ်တာကဘာဝင့်တုံး (ဝိပါကဝင့်ပါ ဘုရား)၊ ကိလေသဝင့်ဆိုစမ်း (ကိလေသဝင့်)၊ ပြီးတော့ရော (ကမ္မဝင့်၊ ဝိပါကဝင့်) အဲ . . .**ပြုကြောင်းက (ကိလေသဝင့်ပါဘုရား)၊ ပြုတာက (ကမ္မဝင့်ပါဘုရား) ဖြစ်တာက (ဝိပါကဝင့်ပါဘုရား)၊** အဲဒါမှတ်ထားပြုကြောင်းက ကိလေသဝင့်၊ ကိလေသဝင့် ကိလေသာကပြုတာ မဟုတ်ဘူးနော် . . .လုပ်တာမဟုတ်ဘူး နော် . . . သူကပြုကြောင်း ဟုတ်တယ်မို့လား (မှန်ပါ့ဘုရား)၊ ကိလေသာ ဆယ်ပါးသိပြီလား (သိပါပြီဘုရား)၊ ကိလေသာဆိုတာ နဂိုအမြဲတမ်း ရှိနေတာမဟုတ်ဘူး၊ ကိလေသဝင့်ဆိုတာ ဘာပြော တာတုံး (ပြုကြောင်းပါဘုရား)၊ ပြုကြောင်း ဖြစ်တဲ့ဝင့် ဟုတ်ကဲ့လား၊ ပြုတာက (ကမ္မဝင့်ပါဘုရား)၊ ကမ္မဝင့်ဆိုတာ ကာယကံ ဝစီကံ မနောကံ စိတ်နဲ့လည်း လုပ်တယ် ပါးစပ်နဲ့လည်း လုပ်တယ်၊ ကိုယ်ကြီးနဲ့လည်း လုပ်တယ်၊ လုပ်လို့ရှိရင် ဘာဝင့်တုံး (ကမ္မဝင့်ပါ ဘုရား)၊ ပါးစပ်နဲ့ကျပြောတယ်လို့ ဖြစ်သွားတယ် စင်စစ်လုပ်တာပဲ ကံကိုး . "ကရောတီတိ ကမ္မံ" ပြုတဲ့ဟာ ဘယ်သူတုံး(ကံပါဘုရား) "ငါ" ပြုတယ်လို့ ဆိုမလား (မဆိုပါဘူးဘုရား)၊ ဒါကြောင့် ဘာလုပ် တယ် ညာလုပ်တယ်ဆိုတာ ဘာတုံး ("ကံ"ပါဘုရား)၊ ကံတွေက ဘာတွေတုံး . . . "ဝင့်"၊ ကမ္မဝင့် ကာယကံ ဝစီကံ မရှိဘူးလား (ရှိပါတယ်ဘုရား)၊ ကံက ဘာပြုလို့ဖြစ်တာတုံး ကံရဲ့ အကြောင်းက

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူတုံး (ကိလေသာပါဘုရား)၊ အဲ ကိလေသဝဋ္ဋ၊ ကိလေသာ ဆိုတာ စိတ်ညစ်တယ်၊ ကိလေသဝဋ္ဋ၊ ကံရဲ့ပြုကြောင်းက (ကိလေသဝဋ္ဋပါဘုရား)၊ ကံရဲ့အကျိုးက (ဝိပါကဝဋ္ဋပါဘုရား)၊ ဝိပါကဝဋ္ဋ ဆိုတာ မျက်စိတွေ နားတွေ နှာခေါင်းတွေ လျှာတွေ ကိုယ်တွေ စိတ်တွေ၊ အဲဒီ ဝဋ္ဋသုံးပါးက အိပ်ပျော်နေတုန်းကို ဝဋ္ဋမလုပ်ဘူး၊ ကိလေသာ မရှိရင် ကိလေသာ ပြုကြောင်း မရှိဘူး၊ ပြုကြောင်းမရှိဘူးဆိုရင် ပြုတာရှိသေးလား (မရှိတော့ပါဘူးဘုရား)၊ အဲဒါ ဂရုစိုက်အခု စိတ်မှာ စိတ်မှာ . . . ပြုကြောင်းမရှိလို့ ပြုတာမရှိလို့ရှိရင် ဖြစ်တာရောရှိသေးလား၊ အဲဒါ ဝဋ္ဋမဟုတ်ဘူးလား (မှန်ပါ့ဘုရား)၊ “ပြုကြောင်း”နဲ့ ဆိုစမ်း (“ပြုကြောင်း”နဲ့“ပြုတာ”နဲ့ “ဖြစ်တာ”) အဲဒါ ဝဋ္ဋသုံးပါး မဟုတ်လား (မှန်ပါ့ဘုရား)၊ အဲဒီ ဝဋ္ဋသုံးပါးက မလွတ်ဘူးလား လွတ်သလား (လွတ်ပါတယ်ဘုရား)၊ လွတ်ရင်ဘာတုံး ဝိမုတ္တိခေါ်တယ်၊ လွတ်ရင် ဘာခေါ်တုံး (ဝိမုတ္တိပါဘုရား)၊ ဝဋ္ဋတရားမှ လွတ်တယ်တဲ့ အဲလိုဟာ နိဗ္ဗာန်ခေါ်တယ်။

## မြတ်စွာဘုရားတို့မှာ အဲဒီလုပ်ကြောင်း မရှိတော့ဘူး

အဝိဇ္ဇာ ဆိုလိုက်စမ်း (အဝိဇ္ဇာ)၊ အဝိဇ္ဇာပစ္စယာ (အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ)၊ သင်္ခါရာ-သင်္ခါရပစ္စယာ(သင်္ခါရပစ္စယာ)၊ ဝိညာဏံ (ဝိညာဏံ)၊ ဝိညာဏ် နာမ်ရုပ်က ထားတော့ ဟုတ်ရဲ့လား ဝေဒနာထိအောင်ပေါ့၊ အဲဒါကြီးကို . . အခုမျက်စိက မြင်နေတယ် ဆိုရင် ဘာဝဋ္ဋဖြစ်သတုံး (ဝိပါကဝဋ္ဋ ဖြစ်တာပါဘုရား)၊ ကိုယ့်ကိုကိုယ်ထဲမှာနော် . . .၊ အဲ ဒကာမကြီးတို့ ကိလေသာ

www.burmeseclassic.com

www.burmeseclassic.com



တွေဖြစ်ရင် ဘာတွေဖြစ်နေတုံး (ကိလေသဝဋ် ဖြစ်နေပါတယ်ဘုရား)၊ ခံစားတာတွေဖြစ်နေရင် ဘာဝဋ်ဖြစ်နေတုံး၊ (ဝိပါကဝဋ်ပါဘုရား)၊ အဲဒါတွေ မဖြစ်ဘူးဆိုရင် ဘာဖြစ်နေတုံး(ဝိမုတ္တိဖြစ်နေပါတယ်ဘုရား)၊ ဘယ်သူဖြစ်ရမှာတုံး ဝိမုတ္တိက (ဒီကိုယ်ကြီးမှာပါဘုရား)၊ အဲဒီ ကိုယ့်ကိုယ်ပဲဖြစ်ရမှာ မဟုတ်ဘူးလား၊

"ကံ"ဆိုတာက . . .၊ ကိလေသာဆိုတာက အဝိဇ္ဇာမဟုတ်ဘူးလား မောဟ၊ ပြီးတော့ ဝမ်းထဲက လောဘကလည်း လုပ်ချင်တာပါဘဲ၊ လုပ်တာမဟုတ်ဘူးနော် လောဘက၊ စေတနာက လုပ်တာ တုန့်ပြန်တာ လုပ်တာ ဟုတ်ကဲ့လား-အဲလိုမျိုး၊ လောဘက လုပ်ချင်တယ်၊ ဒိဋ္ဌိကရော လုပ်ချင်တာပဲ ကိလေသဝဋ်ဆိုတာ ဘာလုပ်တာတုံး (လုပ်ချင်တာပါဘုရား)၊ လုပ်တာမဟုတ်ဘူးနော် လုပ်ကြောင်း ဟုတ်ကဲ့လား၊ **မြတ်စွာဘုရားတို့မှာ အဲဒီလုပ်ကြောင်းမရှိတော့ဘူး၊** ဒကာမကြီးတို့လည်း ဖြစ်တယ်၊ မရိပ်မိလို့။

## အာရုံခံ အင်္ဂါငါးပါး

ဟို . . . **အာရုံခံအင်္ဂါငါးပါး** မရှိဘူးလား၊ အာရုံခံ အင်္ဂါငါးပါးက မျက်စိတို့ နားတို့ နှာခေါင်းတို့ လျှာတို့ စာလို ပြောရင် စက္ခုတို့ သောတတို့ ပသာဒရုပ်ငါးခုပေါ့ အဲဒါက ဘာအင်္ဂါတုံး (အာရုံခံ အင်္ဂါငါးပါးပါဘုရား)၊ သူ့ရဲ့ အာရုံ အမှန်က ဘယ်ဟာတုံး (ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံပါဘုရား)၊ အဲဒါက

www.burmeseclassic.com

www.burmeseclassic.com



အာရုံမှန် ဟုတ်ကဲ့လား၊ အာရုံမှန်လို့ရှိရင် ကိလေသာမဖြစ်ဘူး၊ အဲဒီမှာ ဒွါရ ကာယဒွါရ ဆိုစမ်း (ကာယဒွါရ)၊ ဝစီဒွါရ (ဝစီဒွါရ)၊ မနောဒွါရ (မနောဒွါရ)၊ အဲဒါ ဒွါရသုံးပါး လို့လည်းခေါ်တယ်၊ ကံသုံးပါးလို့လည်း ခေါ်တယ်၊ ကံနဲ့ ဒွါရ အဲဒါခေါ်တယ်၊ ဘာမှ ထူးတာလည်းမဟုတ်ဘဲနဲ့ ငြင်းတာ၊ အဲဒီကံမှာ ဝိပါက်မဖြစ်ဘူး ကံပြီးရင် ဘာဖြစ်တုံး (ဝိပါက်ဖြစ်ပါတယ်ဘုရား)၊ ဝိပါက်က ဒီလို . . .အခု အနုသယရယ် ဆိုစမ်း (အနုသယရယ်) အနုသယဆိုတာ . . .၊ အခုကိလေသာမဖြစ်ဘူးနော် . . .၊ လျှော်သောအကြောင်းကို ရလာရင်ဖြစ်တယ်၊ဘာတဲ့တုံး (လျှော်သောအကြောင်းကိုရလာရင် ဖြစ်ပါတယ်ဘုရား)၊ အဲဒါ အနုသယခေါ်တယ်၊ မကုန်သေးလို့ရှိရင် နောက်ဖြစ်တယ်၊ အနုသယပြီးတော့ ကိလေသာဖြစ်တယ်ဆိုတာ လွမ်းတယ်တို့ ဆွေးတယ်တို့ ပူတယ်တို့ဆိုတာ စိတ်ဖြစ်တာ မဟုတ်လား (မှန်ပါဘုရား)၊ ဉာဏ်ဖြစ်တာ မဟုတ်ဘူးနော် . . .ဟို မသိတဲ့ ဟာတွေ လျှောက်ပြောတာတွေ မသိဘဲနဲ့ အသိလုပ်တာတွေလေ၊ အဲဒါတွေက စိတ္တဇခေါ်တယ်၊ စိတ်ထဲမှာဖြစ်တာတွေ ပြောနေ တယ် လုပ်နေတယ်၊ အနုသယရယ် စိတ္တဇရယ် ဆိုတာက ဝိပါက်ရှိသေးလို့ဖြစ်တာ၊ ဝိပါက်မရှိရင် မဖြစ်တော့ဘူး၊ ဝိပါက်က လည်း ကံရှိသေးလို့ဖြစ်တာ၊ ကံမရှိရင် ဝိပါက်မဖြစ်ဘူး၊ အနုသယ နဲ့ စိတ္တဇ၊ အနုသယကတော့ ထားပါတော့ လျှော်သောအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကိုရမှဖြစ်တယ်၊ လျော်တဲ့အကြောင်းမရှိရင် မဖြစ်ဘူး၊ အဲဒါ အနုသယ၊ စိတ္တဇကတော့ စိတ်တွေကူးတယ် မဟုတ်လား (မှန်ပါဘုရား)၊ အဲဒါ စိတ္တဇ၊ ကံရှိမှဖြစ်တယ်၊ ဝိပါက်ကြောင့် ကိလေသာ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ ဝိပါကဝဋ်က ကိလေသဝဋ် ဖြစ်တယ်၊ ဒကာမကြီးတို့က ဝိပါကဝဋ်လို့မဟုတ်ဘဲ မိန်းမကြီး ယောက်ျားကြီးလို့ လုပ်လို့သာဖြစ်တာ၊ ဝိပါကဝဋ်လို့ ဖြစ်ရင်သိရင် ကိသေဝဋ် မဖြစ်ဘူး၊ တစ်စတစ်စ သိသွားရမှာပေါ့၊ မသိလို့ ဖြစ်ရတာကိုး၊ မသိတာက အဝိဇ္ဇာခေါ်တယ် ဟုတ်တယ်မို့ လား မသိတာက . . .။

## ဝဋ်မဖြစ်ချင်လို့ရှိရင် ပြုကြောင်းကိုမလုပ်နဲ့

ပြုကြောင်းကိုမှတ်ထားနော်၊ ပြုကြောင်းလို့သိရင် မပြုဘူး ရိုပ်မိလား (မှန်ပါ့ဘုရား)၊ ပြုကြောင်းလို့ မသိလို့ပြုတာ၊ ပြုကြောင်း က ဘာတုံး (ကိလေသဝဋ်ပါဘုရား)၊ ကိလေသဝဋ် ပြုတာက ဘာဝဋ်တုံး (ကမ္မဝဋ် ပါဘုရား)၊ မျက်စိတွေ ဘာတွေ ဖြစ်တာက ဘာဝဋ်တုံး၊ (ဝိပါကဝဋ်ပါဘုရား)၊ ကလေးလေးတွေ . . . ဘာတွေ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ မအေ ဖအေက ပြုကြောင်း မဟုတ်ဘူးလား၊ ပြုကြောင်းဖြစ်တော့ ပြုတာချည်းဖြစ်တယ်၊ ပြုတာချည်းဖြစ်တော့ . . . ဖြစ်တာချည်း ဖြစ်တယ်မဟုတ်လား၊ အဲဒါဘာဝဋ်တုံး အဲဒါ ဝဋ်သုံးပါးရယ် ဝဋ်ကောင်ရယ် ဒကာမကြီးတို့

www.burmeseclassic.com

www.burmeseclassic.com



ရိပ်မိလား၊ ဝင့်ကောင်ဆိုတာ ဝင့်ဖြစ်ရာအကောင်ကြီး ဟုတ်ကဲ့လား၊ ဝင့်ဖြစ်ရာ အကောင်ကြီး "ဝင့်"က မဖြစ်တော့ဘူးဆိုရင် ဒီဝင့်ကောင်ကြီးက ဘယ်လိုနေတုံး (ဝင့်မဖြစ်တဲ့ အကောင်ကြီး ဖြစ်သွားပါတယ်ဘုရား)၊ အောင်မာ . . . ဒကာမကြီးတို့က ဝင့်ဖြစ်ချင်သလား မဖြစ်ချင်ဘူးလား (မဖြစ်ချင်ပါဘူးဘုရား)၊ **မဖြစ်ချင်လို့ရှိရင် အဲလို ပြုကြောင်း မလုပ်နဲ့၊** "ပြုကြောင်းကိုသာ မလုပ်ပါ ပြုတာ မဖြစ်-ဖြစ်သတည်း" (ပြုကြောင်းကိုသာ မလုပ်ပါ ပြုတာမဖြစ် ဖြစ်သတည်း" "ပြုတာ"နဲ့ "ဖြစ်တာ"နဲ့ မတူဘူးနော် (မှန်လှပါဘုရား)၊ "ပြုတာ" ဆိုတာ"လုပ်တာ" . . ဒီလို"လုပ်တာ" တံစဉ်ရိတ်တာ ဘာလုပ်တာ ညာလုပ်တာက "ကံ" ခေါ်တယ်၊ ဖြစ်တာက ဝိပါက်ခေါ်တယ်၊ ဒကာမကြီးတို့က ဒီသုံးခုကို "ငါ"လို့မမှတ်ဘူးလား၊ "ငါ"လို့မှတ်တာ သက္ကာယဒိဋ္ဌိ-ကဲ . . . အဲဒီရဲ့ ညာဏ်က ဒီကစတာ၊ ဝင့်သုံးပါးကြီးကို "ငါ"လို့မမှတ်ဘူးလား မထင်ဘူးလား (ထင်ပါတယ်ဘုရား)၊ ထင်လို့ရှိရင် မာန၊ အဲဒီဝင့် သုံးပါးကြီးကို "ငါ့ဥစ္စာ"လို့မဆိုဘူးလား ကိလေသာကိုလည်း "ငါ"လို့ ဆိုတယ်၊ လုပ်တာလည်း "ငါ"ပဲ၊ ဖြစ်တာ ခံစားတာလည်း "ငါ"ပဲ၊ ဒီလိုမထင်ဘူးလား (ထင်ပါတယ် ဘုရား)၊ အဲဒါက သက္ကာယဒိဋ္ဌိ၊ အဲဒါမရှိဘူး . . ကွဲသွားပြီဆိုရင် သက္ကာယဒိဋ္ဌိမရှိဘူး၊ ရိပ်မိလား အဲဒီရဲ့ညာဏ် ဒီကစတာ လောကုတ္တရာညာဏ် အဲဒီက စတာ၊ အဲလိုမှ တဖြည်းဖြည်းနဲ့ဝင့်တွေက သိကုန်ပြီလေ . . .

www.burmeseclassic.com



အော်‥ "ပြုကြောင်း"က ကိလေသဝဋ်၊ ပြုကြောင်းက ဘာဝဋ်တုံး (ကိလေသဝဋ်ပါ ဘုရား)၊ "ပြုတာ"က ဘာဝဋ်တုံး (ကမ္မဝဋ်ပါ ဘုရား)၊ "ဖြစ်"တာက ဘာဝဋ်တုံး(ဝိပါက ဝဋ်ပါဘုရား)၊ အဲ‥ အဲလို ဝဋ်ကိုသိတာ၊ ဝဋ်ကြီးတွေက ဒကာမကြီးတို့အပေါ်မှာ လှည့်ပြီးလည်ပြီး မဖြစ်ဘူးလား-ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)၊ လှည့်ပြီး လည်ပြီးဖြစ်နေတယ်၊ အဲလို သိပလား ဝဋ်ကောင်ကြီး ပေါ်မှာ ဝဋ်တွေက လည်နေတယ်၊ **ဝဋ်ကောင်ကြီးပေါ်မှာ ဝဋ်တွေက မရှိတော့ဘူးဆိုရင် အဲဒီ ဝဋ်မှ မလွတ်ဘူးလား လွတ်သလား။** အဲဒါကို ဝိမုတ္တိလို့ ခေါ်တယ် ဉာဏ်က‥‥ ဉာဏ်က‥‥ ဟုတ်တယ်မို့လား၊ တော်ကြဦးစို့‥‥ ။

(သာဓု‥‥၊ သာဓု‥‥၊ သာဓု‥‥ပါဘုရား)။

❀ ❀ ❀

**တရားတော်ကူးယူပူဇော်ပြီးချိန် (၁၄-၇-၂၀၀၉)**
**ဓမ္မသစ္စာတရားအလှူရှင်**

www.burmeseclassic.com

★ ကာယကံ ဝစီကံ မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်ပျောက်ဖို့ဆိုတာ 'အမှု' (ကံ)ကလာတာ၊

'အမှု' ဆိုတာ 'ပညတ်စု'က လာတာ၊

'ပညတ်စု'ဆိုတာ 'ပရမတ်စု'က လာတာ။

★ ပရမတ်စု ပညတ်စု လူ၏အမှု ဤသုံးခု ကွဲအောင် သတိပြု၊

အစိတ်စု အပေါင်းစု လူအမှု တစ်ခုခု၊ ဖြစ်ကြ မသိမှု။

(ပရမတ် - အစိတ်စု၊ ပညတ် - အပေါင်းစု၊

ကံ - လူအမှု၊ အဝိဇ္ဇာ - မသိမှု)

★ ပညတ်ကြည့်တာ ကာမသုခလ္လိကာနုယောဂ၊

ပရမတ် ကြည့်တာ အတ္တကိလမထာနုယောဂ၊

ကံကိုကြည့်တာ မဇ္ဈိမပဋိပဒါ၊

ကံကိုသာသိ သမ္မာဒိဋ္ဌိ၊

မဇ္ဈိမပဋိပဒါသာရောက်လေပါ နိဗ္ဗာန်ရောက်သတည်း။



www.burmeseclassic.com

★ ပုတ်ကြီးထဲ ပုရွက်ဆိတ်လုမ်းလျှောက်သလို ဟိုတိုးဒီတိုးနဲ့ ထွက်ပေါက်မရဘူး၊ ဒီလို 'ခွဲ' မှ . . . လွတ်မြောက်မှာ ထွက်ပေါက်တွေ့မှာ။

★ ကံအစီအရင် မဆင်ခြင်လျှင် လုပ်ချင်ကိုင်ချင် ဖြစ်သတည်း။

★ ကံသုံးပါးအပြစ်ဟာ ကိုယ်မှာရှိသတည်း။

★ ဘုရားတရားဟူသည်မှာ ပဋိစ္စသမုပ္ပါဒ်ဖြစ်သတည်း။

★ စိတ်မကြည်လင်တာ စိတ်ရောဂါ၊ 'သမ္မာဒိဋ္ဌိ' မရှိလို့ပါ။

★ သမ္မာဒိဋ္ဌိ အမြဲတမ်းရှိ ဖြစ်၏ အရိယာ။

**သစ္စာဉာဏ်ပွင့်လင်းကာ ကိလေသဝဋ်ကုန်ရာကို လွယ်ကူလျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေ။**

**ဓမ္မသစ္စာတရားအပေါင်း**

www.burmeseclassic.com

www.burmeseclassic.com

# သတ္တဝါလျောက် ဓမ္မသစ္စာတရားတော်များ အမှတ်စဉ် (၁၂)

★ 'ဝဋ်ကောင်'ကို 'ဝဋ်ထောင်'က မလွတ်အောင် ချုပ်နှောင်တာ 'ကိလေသာ'။

★ 'ဝဋ်ကောင်'ကို 'ဝဋ်ထောင်'က လွတ်အောင် ရုန်းကွဲ့။

★ တရားရတယ်ဟူသည်မှာ မဂ္ဂင်ရှစ်ဖြာပွားလို့ပါဘဲ... မဂ္ဂင်မပါ ကိလေသာ သူဟာ သံသရာလည်သတည်း။

## ဆုတောင်းပတ္ထနာ

ဝဋ်ဒုက္ခကုန်ကြောင်းဉာဏ်ကိုပွားပေးရသော ကုသိုလ်ကြောင့် ကိလေသာဝဋ်ကျွတ်ရာကို လွယ်ကူလျင်မြန်စွာ မျက်မှောက်ပြုနိုင်ခြင်း၏ ပြီးပြည့်စုံသော အထောက်အပံ့ဖြစ်ပါစေသတည်း။

"တောဒိန္နာရာမကျောင်းတိုက်" ကုက္ကိုင်းလမ်းဆုံ၊
ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်။

Website: www.aniccasayadaw.org

တရားတော်ကို လေးမြတ်ကြည်ညိုသူ မည်သူမဆို ကူးယူ၍ ဓမ္မဒါန ပြုနိုင်ပါသည်။

www.burmeseclassic.com